Message Five

# ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ခြင်း
# (၂)
# ဘုရားသခင်သည် ကျွန်ုပ်တို့၌ ပြုပြင်တော်မူခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊ ၂း၁၃။ ၁း၁၉–၂၁က။ တ၊၁၆း၇။ ရော၊ဂး၉

## I. "သင်တို့အထဲ၌ ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်ပေတည်း" – ဖိ၊ ၂း၁၃က။

က။ ဘုရားသခင်သည် မြေကြီးပေါ်တွင် လှုပ်ရှားလုပ်ဆောင်တော်မူလျက်ရှိ၍၊ ကိုယ်တော်၏ပြုပြင်တော်မူခြင်းအားဖြင့် လှုပ်ရှားလုပ်ဆောင်တော်မူသည် – ၁ကော၊၁၂း၆၊ ၁၁။ ၂ကော၊၁း၆။ ၄း၁၂။ ဧ၊၁း၁၉။ ၃း၇၊ ၂၀။ ၄း၁၆။ ဖိ၊၃း၂၁။ ကော၊၁း၂၉။ ၂း၁၂။ ၁သက်၊၂း၁၃။

ခ။ ဖိ၊ ၂း၁၂–၁၃ တွင် အားလုံးကို ခြုံငုံခြင်း၊ အရာအားလုံး–အကျုံးဝင်ခြင်း၊ ဖိလိပ္ပိစာစောင်၏ အရာအားလုံး စဉ်းစားခြင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့၌ ပြုပြင်တော်မူခြင်းဖြစ်ကြောင်းကို ဖွင့်ပြထားသည်။

၁။ ကျွန်ုပ်တို့ထံသို့ ခရစ်တော်၏ဖြစ်ခြင်းအရာခပ်သိမ်းမှာ ဘုရားသခင်၏ပြုပြင်တော်မူခြင်းအတွက် ဖြစ်သည် – အငယ်၊၅–၁၁။ ၃း၈–၁၀။

၂။ ကျွန်ုပ်တို့၏ဘုရားသခင်သည် အသက်ရှင်ခြင်း၊ လှုပ်ရှားခြင်းနှင့် ကျွန်ုပ်တို့၌ အဆက်မပြတ်ပြုပြင်တော်မူခြင်းရှိ၍၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏ပြုပြင်တော်မူခြင်းကို ကျွန်ုပ်တို့ဂရုစိုက်ကြရမည်ဖြစ်သည် – ၂း၁၃။

၃။ ကျွန်ုပ်တို့တွင် ဝိညာဉ်ရေးဆိုင်ရာပိုင်းခြားတတ်ခြင်း၊ ဝိညာဉ်ရေးဆိုင်ရာ သိနားလည်ခြင်းတန်ခိုးရှိပါက ဖိလိပ္ပိစာစောင်၌ ရှိသော အရာအားလုံးမှာ ကျွန်ုပ်တို့၌ ဘုရားသခင်၏ ပြုပြင်တော်မူခြင်းနှင့် ဆက်နွှယ်နေကြောင်းကို မြင်နိုင်ကြမည်ဖြစ်သည် – ၁း၁၉။ ၂း၅–၁၁။ ၃း၁၀၊ ၁၂၊ ၂၁။ ၄း၅–၇၊ ၁၉၊ ၂၃။

ဂ။ ဖိလိပ္ပိစာစောင်၌ ဖော်ပြထားသောအရာအားလုံးမှာ ဘုရားသခင်၏ပြုပြင်တော်မူခြင်းအောက်၌ ရှိနေသည်။

၁။ အခန်းတစ်တွင် ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်ရှင်ခြင်းနှင့် ထင်ရှားခြင်းဖြစ်လာရန်အတွက် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်၍ ကြီးမားထင်ရှားစေရန် လိုအပ်ကြောင်း ဖော်ပြထားသည် – အငယ်၊ ၂၀–၂၁။

၂။ အခန်းနှစ်တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏စံနမူနာအဖြစ် ယူဆောင်ကာ ကိုင်စွဲထားရန် လိုအပ်ကြောင်း ဖော်ပြထားသည် – အငယ်၊၅–၁၁၊ ၁၆။

၃။ အခန်းသုံးတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပန်းတိုင်ဖြစ်သော ခရစ်တော်နောက်သို့ လိုက်ပြေးကာ ခရစ်တော်ကို အမြတ်ရယူကြရန် လိုအပ်ကြောင်း ဖော်ပြထားသည် – အငယ်၊၁၄။

၄။ အခန်းလေးတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏လျှို့ဝှက်ချက်ဖြစ်ကြောင်း ဖော်ပြထားသည် –အငယ်၊၁၂–၁၃။

ဃ။ ဘုရားသခင်က "ကျွန်ုပ်တို့သည် ကိုယ်တော်၏ကောင်းသောကျေနပ်အားရခြင်းအတွက် အလိုရှိခြင်းငှာလည်းကောင်း၊ လုပ်ဆောင်ခြင်းငှာလည်းကောင်း ကျွန်ုပ်တို့၌ ပြုပြင်တော်မူလျက်ရှိသည်"–၂း၁၃ခ။

၁။ ကျွန်ုပ်တို့၌ ပြုပြင်တော်မူသောသူကား သုံးပါးတစ်ပါးဘုရားဖြစ်သည် – ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် – မ၊ ၂၈း၁၉။ ၂ကော၊၁၃း၁၄။

၂။ အလိုရှိခြင်းသည် အတွင်းပိုင်းဖြစ်၍၊ လုပ်ဆောင်ခြင်းသည် အပြင်ပိုင်းဖြစ်သည် – ဖိ၊ ၂း၁၃။

က။ အလိုရှိခြင်းသည် ကျွန်ုပ်တို့၏ အလိုဆန္ဒ၌ ဖြစ်ပေါ်၍၊ ဘုရားသခင်၏ပြုပြင်တော်မူခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်မှ စတင်ကာ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒအထဲသို့ ပျံ့နှံ့သွားကြောင်း ဖော်ပြနေသည် – ရော၊ဂး၄၊ ၆။

ခ။ ဖိ၊ ၂း၁၃ ရှိ လုပ်ဆောင်ခြင်း သို့မဟုတ် ပြုလုပ်ခြင်းအတွက် ဂရိစကားလုံးမှာ ဤကျမ်းပိုဒ်ရှိ ပြုပြင်တော်မူခြင်း ဟူသောစကားလုံးနှင့်အတူတူပင် ဖြစ်သည်။

၃။ အငယ်၊၁၃ ရှိ "ကိုယ်တော်၏ ကောင်းသောကျေနပ်အားရခြင်း"– ကိုယ်တော့်အလိုတော်၏ ကောင်းသောကျေနပ်အားရခြင်း–မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ထူးမြတ်သော ကယ်တင်ခြင်းအထွတ်အထိပ်သို့ ရောက်ရှိလာရန် ဖြစ်သည် – ဧ၊၁း၅။ ဖိ၊၁း၁၉။ ၂း၁၂။

င။ ကျွန်ုပ်တို့၌ ဘုရားသခင်ပြုပြင်တော်မူခြင်းမှာ အံ့ဩဖွယ်ပုံမှန်ဖြစ်ခြင်းဖြစ်သည်။ ဤသည်မှာ လုံးလုံးပုံမှန်ဖြစ်သော်လည်း၊ အံ့ဩဖွယ်ဖြစ်သည် – အငယ်၊၁၃။ ၄း၆–၇။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်း၌ ပြုပြင်တော်မူခြင်းမှာ အံ့သြဖွယ်ဖြစ်သော်လည်း၊ ယင်းမှာ ပုံမှန်ဖြစ်ခြင်းနှင့် တိတ်ဆိတ်ခြင်းရှိသည် – အငယ်၊၇။

၂။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ပြုပြင်တော်မူခြင်းမှာ အပြင်ပိုင်းထယ်ဝါခြင်း၌ မဟုတ်သော်လည်း၊ ဝိညာဉ်ရေးရာအာရုံ၌ ယင်းသည် ကြီးမားသောအရာဖြစ်သည် – ဧ၊၁း၁၉။ ၃း၁၇။

## II. ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ ပြုပြင်တော်မူခြင်းမှာ "ယေရှုခရစ်တော်၏ ကြွယ်ဝရက်ရောစွာသော မစမှုနှင့်အတူ ဖြစ်သည် – ဖိ၊၁း၁၉။

က။ *ယေရှု၏ဝိညာဉ်တော်* သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်စပ်လျဉ်း၍ အထူးဖြစ်သောထင်ရှားခြင်းဖြစ်ကာ၊လူသားဇာတိ၌ ယေရှုဖြစ်သော၊ လူသားအသက်ရှင်ခြင်းနှင့် ကားတိုင်ပေါ် အသေခံခြင်းကို ဖြတ်ကျော်ခဲ့သော၊ လူ့ဇာတိခံယူခဲ့သော ကယ်တင်ရှင်၏ ဝိညာဉ်တော်ကို ရည်ညွှန်းသည် – တ၊၁၆း၇။ လု၊၁း၃၁၊ ၃၅။ မ၊၁း၂၁။

၁။ ယေရှု၏ဝိညာဉ်တော်၌ ဘုရားသခင်၏ ဘုရားဆိုင်ရာဒြပ်သဘာဝပါရှိရုံသာမက၊ ယေရှု၏ လူသားဒြပ်သဘာဝ၊ ကိုယ်တော်၏လူသားအသက်ရှင်ခြင်းနှင့် အသေခံတော်မူခြင်းဆင်းရဲဒုက္ခလည်း ပါရှိသည် – ဖိ၊၂း၅–၈။

၂။ ယေရှု၏ဝိညာဉ်တော်မှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်ဖြင့် အသက်ရှင်ခြင်းငှာ ဘုရားဇာတိနှင့်အတူရှိသော ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်ရုံသာမက၊ ကိုယ်တော်၌ လူသားဇာတိနှင့်အတူရှိသော လူသားယေရှု၏ဝိညာဉ်တော်လည်း ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် မှန်ကန်သော လူသားအသက်တာဖြင့် အသက်ရှင်ခြင်းနှင့် ဆင်းရဲဒုက္ခများကို သည်းခံခြင်းရှိမည်ဖြစ်သည် – အငယ်၊၁၅။

၃။ ပေါလုသည် သူ၏ဆင်းရဲဒုက္ခခံခြင်း၌ ယေရှု၏ဝိညာဉ်တော်ကို လိုအပ်ခဲ့သည်။ အကြောင်းမှာ ယေရှု၏ဝိညာဉ်တော်၌ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရပ်နိုင်သော ဆင်းရဲဒုက္ခဒြပ်သဘာဝနှင့် ဆင်းရဲဒုက္ခခွန်အား ပါရှိနေသောကြောင့်တည်း – ကော၊၁း၂၄။ တ၊၉း၁၅–၁၆။ ၁၆း၇။

ခ။ *ခရစ်တော်၏ဝိညာဉ်တော်* မှာ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်၏ဝိညာဉ်တော်ကို ရည်ညွှန်းသည် – ရော၊၈း၉။

၁။ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်တို့အားဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် ခရစ်တော်၏ဝိညာဉ်တော်ဖြစ်လာခဲ့သည် – အငယ်၊၉။

၂။ ခရစ်တော်၏ဝိညာဉ်တော်မှာ အမှန်တကယ်တွင် မိမိကိုယ်တော်တိုင်ကို ထည့်သွင်းပေးရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေသော ခရစ်တော်ကိုယ်တော်တိုင်၊ အဆင့်ဆင့်ဖြတ်ကျော်သောသုံးပါးတစ်ပါး၏ ကိုယ်ထင်ရှားခြင်း၊ ကျွန်ုပ်တို့၏ ဇာတိသဘောသဘာဝ၌ရှိသည့် သေခြင်းကို ဆက်ဆံဖြေရှင်းရန် ကျွန်ုပ်တို့အထဲ၌ ရှိနေသော ရှင်ပြန်ထမြောက်ခြင်း၏ အသက်နှင့် တန်ခိုးတော်ဖြစ်သည် – အငယ်၊ ၂၊ ၉။

၃။ ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ရှင်ပြန်ထမြောက်ခြင်းအသက်၏ တန်ခိုးတော်ကို ပါဝင်ဆက်ဆံနိုင်ကာ ကိုယ်တော့်တက်ကြွခြင်း၏ သာလွန်ထူးမြတ်ခြင်း၌၊ စိုးစံတော်မူခြင်း၏ အခွင့်အာဏာတော်၌ ကိုယ်တော်နှင့်အတူ ထပ်တူတပ်မျှသက်သေထူနိုင်ကြသည် – ဖိ၊၃း၁၀။ ဧ၊၁း ၂၀– ၂၁။ ၂း၆။ ယော၊၁၁း ၂၅။ တ၊ ၂း ၂၂–၂၄၊ ၃၁–၃၆။

ဂ။ *ယေရှုခရစ်တော်၏ဝိညာဉ်တော်* မှာ ဆင်းရဲဒုက္ခခံတော်မူသောယေရှုနှင့် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏ဝိညာဉ်တော်ကို ရည်ညွှန်းသည် – ဖိ၊၁း၁၉။

၁။ ယေရှု၏ဝိညာဉ်တော်မှာ အထူးသဖြင့် သခင်ဘုရား၏ဆင်းရဲဒုက္ခခံခြင်းကို ရည်ညွှန်း၍၊ ခရစ်တော်၏ ဝိညာဉ်တော်မှာ ကိုယ်တော်၏ရှင်ပြန်မြောက်ခြင်းကို ရည်ညွှန်းသည်။ ယေရှုခရစ်တော်၏ ဝိညာဉ်တော်မှာ ကိုယ်တော်၏ဆင်းရဲဒုက္ခခံ ခြင်းနှင့်ကိုယ်တော်၏ရှင်ပြန်မြောက်ခြင်းတို့နှင့်ဆက်နွယ်နေသည်။ ယေရှုခရစ်တော်၏ဝိညာဉ်တော်မှာ မြေကြီးပေါ် တွင် ဆင်းရဲဒုက္ခခံသောအသက်တာဖြင့် အသက်ရှင်ခဲ့သော ယေရှု၏ဝိညာဉ်တော်နှင့် ယခုတွင် ရှင်ပြန်ထမြောက်ခြင်း၌ရှိတော်မူသော ခရစ်တော်၏ ဝိညာဉ်တော်ဖြစ်သည် – တ၊၁၆း၇။ ရော၊၈း၉။ ဖိ၊၁း၁၉။

၂။ ယေရှုခရစ်တော်၏ဝိညာဉ်တော်မှာ ယော၊၇း၃၉ တွင် ဖော်ပြထားသည့် ဘုရားသခင်၏ဝိညာဉ်တော်သည် "ထိုဝိညာဉ်တော်" ဖြစ်လာခဲ့ခြင်းဖြစ်သည် – ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဖြစ်လာသော ယေရှုခရစ်တော်၏ဝိညာဉ်တော်။ ထိုဝိညာဉ်တော်တွင် ဘုရားဒြပ်သဘာဝနှင့် လူသားဒြပ်သဘာဝ၊ ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့၏ အနှစ်သာရနှင့် စစ်မှန်ခြင်းအလုံးစုံတို့ပါရှိသည်။

ဃ။ *ကြွယ်ဝစွာသော မစခြင်း* ဟူသည်မှာ တမန်တော်က ယေရှုခရစ်၏ ဝိညာဉ်တော်၏ပေးမျှားလှသော၊ ကြွယ်ဝစွာသော မစခြင်းကို ညွှန်ပြရန် အသုံးပြုသည့် အထူးဖြစ်သော၊ ကြွယ်ဝလှသော စကားလုံးဖြစ်သည် – ဖိ၊၁း၁၉။

၁။ ယေရှုခရစ်၏ ဝိညာဉ်တော်၏ ကြွယ်ဝစွာသောမစခြင်းတွင် ဘုရားဇာတိ၊ ဘုရားဆိုင်ရာအသက်နှင့် သဘောသဘာဝရှိသည့် ဘုရားဆိုင်ရာပုဂ္ဂိုလ် ပါဝင်ပြီး၊ မြင့်တင်ခံရသောလူသားဇာတိ၊ မှန်ကန်သင့်လျော်သည့် အသက်၊ အသက်ရှင်ခြင်း၊

သဘောသဘာဝနှင့် ပုဂ္ဂိုလ်ရှိသည့် လူသားဇာတိလည်း ပါဝင်ကာ၊ သခင်ဘုရား၏ အံ့ဩဖွယ်သော၊ အရာအားလုံးပါဝင်သော ကားတိုင်ပေါ် အသေခံခြင်းလည်း ပါဝင်၍၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းလည်း ပါဝင်ကြောင်း ကျွန်ုပ်တို့မြင်ဖို့ လိုအပ်သည် – ယော၊ ၁း၁၊ ၁၄၊ ၂၉။ ဂလ၊ ၂း ၂၀။ လု၊ ၂၄း၅–၆၊ ၅၀–၅၁။

၂။ ယေရှုခရစ်၏ ကြွယ်ဝစွာသော မစခြင်းအားဖြင့် ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း ခရစ်တော်ကို အသက်ရှင်နိုင်ကာ၊ ကိုယ်တော်ကို ကြီးမားထင်ရှားစေနိုင်ကြသည် – ဖိ၊ ၁း၁၉–၂၁က။

က။ ယေရှုခရစ်၏ အရာအားလုံးပါဝင်သော ဝိညာဉ်တော်၏ ဤကြွယ်ဝစွာသော မစခြင်းသည် ကျွန်ုပ်တို့က ယေရှုခရစ်ကို အသက်ရှင်ခြင်းအားဖြင့် ကိုယ်တော်ကို ကြီးမားထင်ရှားစေရန်ဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့အသက်ရှင်ကြပြီး၊ ကိုယ်တော်သည် မည်သည့်ပတ်ဝန်းကျင်အခြေအနေ၌မဆို ကြီးမားထင်ရှားခြင်း ရှိမည်ဖြစ်သည် – အငယ်၊ ၂၀–၂၁။ ၄း၁၁–၁၃။

ခ။ ယေရှုခရစ်၏ ဝိညာဉ်တော်၌ အရာအားလုံးပါဝင်သော ကြွယ်ဝစွာသော မစမှုရှိနေပြီး၊ ယင်းက ကျွန်ုပ်တို့ကို မည်သည့် အခြေအနေမျိုးကိုမဆို ရင်ဆိုင်နိုင်ရန် တတ်စွမ်းစေပြီး၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ခရစ်တော်ကို အသက်ရှင်ခြင်းနှင့် ခရစ်တော်ကို ကြီးမားထင်ရှားခြင်း ရှိရန် တတ်စွမ်းနိုင်ကြသည် – ၁း၁၉–၂၁က။ ၄း၁၁။

© 2021 Living Stream Ministry